မစ္စတာနာဂါဆုဂီ။ ။ အခုလိုမျိုး လုပ်ငန်းတွေကိုရင်းနှီးမြှုပ်နှံဖို့ မတည်ရင်းနှီးငွေတွေ အများအပြား လိုအပ်မယ်လို့ ထင်ပါတယ်။ မတည်ရင်းနှီးငွေကို ဘယ်လိုမျိုး ရင်းနှီးမြှုပ်နှံဖြစ်ခဲ့သလဲ ဆိုတာ ဖြေကြားပေးစေလိုပါတယ်။

ဦးချစ်ခိုင်။ ။ နှစ်ပေါင်း (၂၀)ကျော် ဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့တဲ့အတွက် အဲဒီကရရှိတဲ့အမြတ်တွေရယ် နောက်ပိုင်းမှာ လုပ်ငန်းတွေချဲ့ထွင်ရာမှာတော့



but some of the investors are worrying about inflation rate and trade loss etc.

**U Chit Khine :** Inflation is the bottleneck from the previous government and we just found that it has calmed down in one digit. As the new government handed over for just one year and we need to watch patiently. Nothing can be fast as soon as it started. So transforming from old system to a new era should take time. As the current government is leading the country with transparent and anti-corruption system, it would need to take time to reform for better future.

**Nagasugi :** Economic reform has been going on under the new government, do you find any changes in management process? How do you analyze as Managing Director of Eden Group?

**U Chit Khine :** All the tender process under the new government has given equal opportunities and detail information the bidding companies. It also takes time for respective department and sectors to make rules and regulations for the tender process. Now there are less projects that have been in close relation with the government authorities and we tackle the bribery and corruptions. As the government staff are still not used to rules & regulations of the new government, there can be delay in the working process but it's still important to keep going with progress.

**Nagasugi :** There are demands from the Foreign investment firms to take responsibilities and find solutions for the lack of basic infrastructures and shortage of electricity. How do you think about these problems?

**U Chit Khine :** Rather than developing the new rules & regulations in the reformation process, the responsible persons from UMFCCI are always hearing the difficulties of private companies. They discuss with ministers from the Ministry of Planning and Finance, Ministry of Commerce and Ministry of Agriculture, Livestock and Irrigation to develop new strategy and plan for a better investment environment. As in the process of reformation to be a better investment environment, I would like to urge the investors to watch and wait patiently.

to page 14

ဘဏ်လုပ်ငန်းရဲ့ ဘဏ္ဍာရေးပိုင်းကနေ အကူအညီယူရတာတွေ ရှိပါတယ်။ အခုထက်ပိုပြီး လုပ်ငန်းတွေချဲ့ထွင်လာမယ်ဆိုရင်တော့ Financing Centre ကနေ အကူအညီယူရမယ့်အပိုင်းတွေ ရှိပါတယ်။ ကိုယ်ပိုင်ငွေတစ်ခုတည်းနဲ့ အခုလိုမျိုး များပြားလှတဲ့ လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံဖို့တော့ အခက်အခဲ ရှိပါတယ်။

**မစ္စတာနာဂါဆုဂီ။** ။ အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ မြန်မာနိုင်ငံကို အများအပြား ဝင်ရောက်လာတာကိုတွေ့ရပြီး ကုန်သွယ်ရေးအရှုံးပေါ်မှု၊ ငွေကြေးဖောင်းပွမှုနှုန်းထားမြင့်တက်လာမှာကိုလည်း စိုးရိမ်နေတာကြတာကို တွေ့ရပါတယ်။

**ဦးချစ်ခိုင်။** ။ ငွေကြေးဖောင်းပွမှုဟာဆိုရင် အရင်အစိုးရလက်ထက်ကတည်းက ကြုံတွေ့ရတဲ့ အခက်အခဲတစ်ခုဖြစ်ပြီး ဂဏန်းနှစ်လုံးကနေ တစ်လုံးအထိ လျော့နိုင်ခဲ့တာကိုတွေ့ရပါတယ်။ အစိုးရသစ်အနေနဲ့ အာဏာလွှဲပြောင်းယူပြီး (၁)နှစ်တာ သက်တမ်းပဲရှိသေးတဲ့အတွက် လုံလောက်တဲ့ အချိန်ပမာဏပေးပြီး စောင့်ကြည့်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ ဘယ်ကိစ္စမဆို အသစ်တစ်ခုကိုစတင်တဲ့အချိန်မှာ စစချင်းမှာ မမြန်နိုင်ပါဘူး။ ထိုနည်းလည်းကောင်းပဲ စနစ်ဟောင်းတွေကြောင့်ပဲဖြစ်စေ၊ အသစ်ကိုပြုလုပ်တဲ့အချိန်မှာလည်း အဲဒီစနစ်တွေ ပြောင်းလဲတဲ့အခါ အချိန်ယူရပါတယ်။ လက်ရှိအစိုးရအနေနဲ့ ပွင့်လင်းမြင်သာမှု ဆိုတာရယ် အဂတိ တရားကင်းရှင်းရေးကို ဦးတည်ဆောင်ရွက်နေတဲ့အတွက် အံဝင်ခွင်ကျရှိမယ့်စနစ်တွေကိုပြုပြင်ပြောင်းလဲရာမှာ အချိန်တစ်ခုအားဖြင့်တော့ အခိုက်အတန့် တုံ့ဆိုင်းနေတာကို ကျွန်တော်တို့ ရင်ဆိုင်ရမှာပါ။ ကောင်းတဲ့ရပ်ဝန်းကို ဖြစ်ပေါ်စေဖို့အတွက် ကျွန်တော်တို့ စိတ်ရှည်သည်းခံပြီး ပြောင်းလဲမှုတွေကို စောင့်ကြည့်သွားဖို့ လိုမယ်လို့ ထင်ပါတယ်။

**မစ္စတာနာဂါဆုဂီ။** ။ အစိုးရသစ်လက်အောက်မှာစီးပွားရေးပြောင်းလဲရေးလုပ်ငန်းစဉ်ကိုဆောင်ရွက်လျက်ရှိပြီး စီမံခန့်ခွဲမှုလုပ်ငန်းဆောင်တာတွေမှာ ပြောင်းလဲမှုတွေ ရှိပါသလား။ Eden Group ကိုဦးဆောင်သူတစ်ယောက်အနေနဲ့ ဘယ်လိုမျိုး ထင်မြင်သုံးသပ်မိပါသလဲ။

**ဦးချစ်ခိုင်။** ။ အစိုးရသစ်လက်ထက်မှာ ပရောဂျက်တွေကို တင်ဒါခေါ်ယူတဲ့အခါမှာ လျှောက်ထားမယ့်ကုမ္ပဏီတွေအတွက် လိုအပ်တဲ့ အချက်အလက် အပြည့်အစုံ အတိအကျကို တရားဝင်ကြေညာပြီး လုပ်ငန်းမျိုးစုံပါဝင် လျှောက်ထားလို့ရအောင် တန်းတူအခွင့်အရေးပေးပါတယ်။ တင်ဒါအတွက် လိုအပ်တဲ့အချက်အလက်မူဝါဒတွေ ရေးဆွဲချမှတ်လိုက်တဲ့အတွက် အစိုးရနဲ့ ရင်းနှီးပတ်သက်မှုရှိတဲ့လုပ်ငန်းတွေကို ဦးစားပေးတဲ့ ပရောဂျက်တွေ ပပျောက်သွားပြီး လာဘ်ပေးလာဘ်ယူမှုတွေ အကျင့်ပျက်ခြစားမှုတွေကို ကာကွယ်တားဆီးရာရောက်ပါတယ်။ အစိုးရသစ်ရဲ့ မူဝါဒသစ်တွေကို အစိုးရဝန်ထမ်းများအနေနဲ့ အကျွမ်းတဝင်မရှိသေးတဲ့အတွက် လုပ်ငန်းဆောင်ရွက်ရာမှာ အနည်းငယ်ကြန့်ကြာနေတာမျိုးရှိပေမဲ့ အခုလိုမျိုး ပြုပြင်ပြောင်းလဲဆောင်ရွက်နေဖို့က အရေးကြီးတယ်လို့ ထင်ပါတယ်။

**မစ္စတာနာဂါဆုဂီ။** ။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံမှ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံမှုမရှိခြင်း စသည်တို့အတွက် တာဝန်ယူဖြေရှင်းပေးဖို့ တောင်းဆိုနေတဲ့အသံတွေကိုလည်း ကြားနေရပါတယ်။ အခုလိုမျိုး ပြဿနာအခက်အခဲများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ ထင်မြင်ယူဆမိပါသလဲ။

**ဦးချစ်ခိုင်။** ။ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အနေနဲ့ကတော့ မူဝါဒသစ်တွေ ချမှတ်တာအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူတွေက ပုဂ္ဂလိကလုပ်ငန်းများရဲ့အခက်အခဲတွေကို နားထောင်ပြီး လစဉ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်

စာမျက်နှာ ၁၄ သို့

from page 13

**Nagasugi :** Myanmar is now trying to enter the AEC-ASEAN Economic Community and how would Eden Group like to take part in this process?

**U Chit Khine :** By entering the AEC-ASEAN Economic Community, there can be opportunities and disadvantages not only for our company but also for the country. Eden Group also needs to learn from experiences to challenge the international standard in future. That's why we collaborated with Hilton Management and handed over some hotels of our group to learn management system of world standard. We should create joint ventures in some areas with the foreign companies as well as public listed for some companies to be a better corporate goverance. I believe we can overcome the difficulties by cooperating with international firms in the technical area. We try not only to tie the bond between Myanmar- Japan friendship, but also to collaborate in the private business sector. Last two months, I was in Japan invited from the Nikkei Press and explained to Japanese companies about our country's current situation, investment potential and political condition. By exchanging the knowledge and information, the investment and technology between our countries can grow faster.

## To Develop of the Small and Medium Enterprises

**Nagasugi :** I would like to know the joint venture between Myanma Apex bank of Eden Group and Resona Holdings,Inc. Moreover, let us know the difference between Japanese investment firms and and other countries' investment firms too.

**U Chit Khine :** Resona is the well trusted bank for small and medium enterprises(SMEs) in Japan and there are needs for the development of SMEs sectors in Myanmar . Therefore, we made the joint venture between Resona bank and our banks. We will be so glad if Eden Group can serve as a bridge between Myanmar and Japan for SMEs and I also hope that it can help the development of Myanmar's Economy. Japanese investment firms are mostly investing in the big companies in Myanmar. For example, when the big companies in Japan are investing in Myanmar there is a little bit of delay in internal process. But I hope there is not much delay in the investing process for the SMEs business. We hope there are more direct investment from Japan as well.I also see that Resona bank is working hard to direct more investment for the SMEs business in Myanmar. I hope SMEs business can invest directly or collaborate as joint ventures. Even though there is a little bit delay in the internal process for the Japanese big firms, I believe that the investment is strongly bond.



**Yutaka Nagasugi**
**CEO, MYANMAR JAPON CO.,LTD.**

CEO of MYANMAR JAPON Co., Ltd. Publisher of business magazine "MYANMAR JAPON BUSINESS", lifestyle magazine "MYAN JAPO!", English and Myanmar business magazine "MYANMAR JAPON + plus". Also, a coordinator of showroom, "The JAPAN BRAND". An economic journalist familiar of business in both Japan and Myanmar, hosting many interviews with cabinet members of the Republic of the Union of Myanmar, owners of famous companies, members of the Japanese government visiting Myanmar in the magazines he publishes. He also supports and advises on business in Myanmar. Vice president of Japan Myanmar Friendship Association, special Committee of Public Interest Incorporated Association Japan new business conferences, representative of Yangon Wakyo-kai.

စာမျက်နှာ ၁၃ မှ

ဆည်မြောင်းဝန်ကြီးဌာန စတဲ့ ဝန်ကြီးဌာန(၃)ခုက ဝန်ကြီးတွေနဲ့ ဆွေးနွေးတိုင်ပင်ကြပြီး ပြုပြင်ပြောင်းလဲရေး မူဝါဒများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အခုနောက်ပိုင်းမှာလည်း ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ဖို့ လက်တွေ့အကောင်အထည်ဖော် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေတဲ့အတွက် လက်ရှိမှာတော့ စိတ်ရှည်သည်းခံပြီး စောင့်ကြည့်ပေးဖို့ တိုက်တွန်းချင်ပါတယ်။

မစ္စတာနာဂါဆုဂီ။ ။ မြန်မာနိုင်ငံကလည်း အာဆီယံစီးပွားရေးအသိုက်အဝန်းထဲကို ဝင်ရောက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ Eden Group အနေနဲ့ ဘယ်လိုမျိုးများ ဆောင်ရွက်သွားဖို့ရှိပါသလဲ။

ဦးချစ်ခိုင်။ ။ အာဆီယံစီးပွားရေးအသိုက်အဝန်းကြောင့် ကျွန်တော်တို့ ကုမ္ပဏီအတွက်သာမက နိုင်ငံအတွက်ပါ အားနည်းချက်ရှိသလို အဲဒီကနေ အခွင့်အလမ်းတွေလည်း ရှိတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ Eden Group အနေနဲ့လည်း ရှေ့ဆက်သွားတဲ့အခါမှာ နိုင်ငံတကာနဲ့ ယှဉ်နိုင်ဖို့အတွက် အတွေ့အကြုံတွေ အများကြီး သင်ယူဖို့လိုတယ်။ ဒါ့အတွက်ကြောင့် ကျွန်တော်တို့ ဟိုတယ်တချို့ကို Worldwide ဖြစ်တဲ့ Hilton Management ပိုင်းကို အပ်လိုက်ပြီးတော့ အကျိုးတူပူးပေါင်းခဲ့တယ်။ ကျွန်တော်တို့ကုမ္ပဏီတွေကို ပိုမိုအားကောင်းတဲ့ Coporate Goverance ဖြစ်အောင် ကျွန်တော်တို့ လုပ်ငန်းခွဲကုမ္ပဏီတချို့ကို နိုင်ငံတကာကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အကျိုးတူပူးပေါင်းသင့်တာပူးပေါင်း လုပ်ကိုင်ရမှာဖြစ်သလို Public Listed လုပ်သင့်တာ လုပ်ရပါမယ်။ နိုင်ငံတကာကုမ္ပဏီတွေနဲ့ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဖလှယ်ကာ ဆောင်ရွက်ခြင်းအားဖြင့် ပြဿနာတွေကို ကျွန်တော်တို့ ကျော်လွှားသွားနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့ Eden Group အနေနဲ့လည်း ဂျပန်နဲ့မြန်မာရဲ့ ချစ်ကြည်ရင်းနှီးမှုသာမက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ပုဂ္ဂလိကအနေနဲ့ တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့(၂)လလောက်ကလည်း Nikkei သတင်းဌာနရဲ့ ဖိတ်ကြားမှုကြောင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဂျပန်လုပ်ငန်းရှင်တွေကို ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေတွေ စီးပွားရေးသာမက ရင်းနှီးမြှုပ်နှံနိုင်မယ့် အခြေအနေနဲ့ နိုင်ငံရေးအခြေအနေတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အခုလိုမျိုး နှစ်ဦးနှစ်ဖက် အပြန်အလှန် ချိတ်ဆက်ခြင်းအားဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိတဲ့ လုပ်ငန်းရှင်တွေ အနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှုသာမက နည်းပညာပိုင်း ဆိုင်ရာဖလှယ်တာတွေဟာ ပိုမိုကြီးထွားလာမှာဖြစ်ပါတယ်။

မစ္စတာနာဂါဆုဂီ။ ။ Eden Group လက်အောက်ရှိ Myanma Apex ဘဏ်အနေနဲ့ Resona Holdings, Inc နဲ့ အကျိုးတူပူးပေါင်းဖြစ်ခဲ့ပုံနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။ ဒါ့အပြင် ဂျပန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ ကွာခြားချက်ကို ပြောပြပေးစေလိုပါတယ်။

ဦးချစ်ခိုင်။ ။ Resona ဘဏ်က ဂျပန်နိုင်ငံမှာဆိုရင် အသေးစား အလတ်စားလုပ်ငန်းတွေ အများစုရဲ့ ယုံကြည်အားထားရာ ဘဏ်တစ်ခုဖြစ်သလို မြန်မာနိုင်ငံအနေနဲ့လည်း အသေးစား အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုအပ်နေပါသေးတယ်။ ဒါ့အတွက်ကြောင့် Resona ဘဏ်နဲ့အကျိုးတူပူးပေါင်းခဲ့ခြင်းဖြစ်ပါတယ်။ Eden Group အနေနဲ့ ဂျပန်နဲ့မြန်မာနှစ်နိုင်ငံရဲ့ အသေးစားအလတ်စားလုပ်ငန်းတွေကို ချိတ်ဆက်ဆောင်ရွက်ပေးတဲ့ ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်သွားနိုင်မယ်ဆိုပါက အတိုင်းမသိ ဝမ်းမြောက်မိမှာပါ။ ဂျပန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဟာ မြန်မာနိုင်ငံမှာဆိုရင် ကုမ္ပဏီအကြီးကြီးတွေ ပထမဦးဆုံးဝင်ရောက်လာတာကိုတွေ့ရပါတယ်။ ဥပမာအားဖြင့် ဂျပန်ကုမ္ပဏီကြီးတွေ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အချိန်မှာ Internel Process ကြန့်ကြာမှုလေးတွေ ရှိပါတယ်။ အသေးစား အလတ်စားလုပ်ငန်းတွေကတော့ အချိန်ကြန့်ကြာမှု သိပ်မရှိလောက်ဘူးလို့ မျှော်လင့်မိပါတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို ပိုပြီးမျှော်လင့်ပါတယ်။ Resona ဘဏ်ဟာဆိုရင် အသေးစား အလတ်စားလုပ်ငန်းတွေ မြန်မာနိုင်ငံကို လာရောက်လုပ်ကိုင်ဖို့ တကယ့်ကိုကြိုးစားအားထုတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ အသေးစား အလတ်စားလုပ်ငန်းတွေ တိုက်ရိုက်သော်လည်းကောင်း အကျိုးတူပူးပေါင်း၍သော်လည်းကောင်း ရင်းနှီးမြှုပ်နှံဖို့ကို အခုထက်ပိုပြီး မျှော်လင့်ပါတယ်။ ဂျပန်လုပ်ငန်းကြီးတွေရဲ့ Internal Process က ကြန့်ကြာမှုရှိပေမဲ့ ခိုင်မာမှုကတော့ ကြီးမားတယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။

THE LINK
BOUTIQUE HOTEL

THE LINK BOUTIQUE HOTEL | YANGON
THE LINK BOUTIQUE HOTEL | 78 MANDALAY
THE LINK BOUTIQUE HOTEL | 83 MANDALAY




Central Reservation
Eden Hotels & Resorts, No. 23/25, Kaba Aye Pagoda Road, Golden Valley Ward No. (2), Bahan Township, Yangon, Myanmar
+95 1 8603204 ~ 6, 8603327
sales@edenhotelsandresorts.com



# AEON Orange

## ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းမှာ ဖွင့်လှစ်ထားတဲ့ AEON Orange ကို သွားရောက်လည်ပတ်သင့်တဲ့ အကြောင်းရင်း (၃)ချက်




### (၁) ဂျပန်နိုင်ငံရဲ့အရည်အသွေးမြင့် စားသောက်ကုန် နှင့် နေ့စဉ်သုံးပစ္စည်းများ ရရှိနိုင်ခြင်း

The JAPAN BRAND မှာ အရည်အသွေးမြင့် ဂျပန်ကုန်ပစ္စည်းတွေ ပြသထား တယ်ဆိုတာ အထွေအထူးပြောစရာမလိုတော့ပါဘူး။ ဂျပန်မှာ လူတိုင်းနှစ်သက် ကြတဲ့ ကုန်ပစ္စည်းတွေဖြစ်သော Asahi Loi Hein မှ အချိုရည်များ၊ KIRIN, Oji နှင့် AEON မှ TOPVALU ထုတ်ကုန်များကို ဝယ်ယူနိုင်ပါတယ်။

### (၂) ဂျပန်ကုမ္ပဏီကြီးများမှ ဂုဏ်ယူစွာရောင်းချသော ကုန်ပစ္စည်းများဖြစ်ခြင်း

ဂျပန်နိုင်ငံမှ နာမည်ကျော်ကုမ္ပဏီကြီးတွေက ယုံကြည်မှုအပြည့်နဲ့ ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေဖြစ်ပါတယ်။ မြန်မာလူမျိုးတွေအတွက် ရည်ရွယ်ပြီး ဈေးနှုန်းချိုသာစွာနဲ့ လွယ်ကူစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ထားပါတယ်။ မိသားစုနဲ့ ကလေးတွေအတွက် အရည်အသွေးမြင့်တဲ့ ကုန်ပစ္စည်းတွေအကြောင်းကို အခုလို ဖော်ပြပေးလိုက်ပါတယ်။







### ASAHI LOI HEIN

ASAHI LOI HEIN အနေဖြင့် မြန်မာလူမျိုးများအတွက် ရည်ရွယ်ထုတ်လုပ်ထားသော ခွန်အားဖြည့်အချိုရည် Honey Gold နှင့် ဂျပန်နိုင်ငံမှ တင်သွင်းသော နာမည်ကျော် နို့ဒိန်ချဉ် Calpis Lacto နှင့် Blue Mountain အမှတ်တံဆိပ် အချိုရည်များကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးနေပြီး ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိပါတယ်။

### OJI Paper

Oji Paper, "Ganki Diaper" Nepia Tissue အစရှိသဖြင့် ကုန်ပစ္စည်းတွေ စုံလင်ပါတယ်။ ဂျပန်အရည်အသွေးမြင့် Diaper ဖြစ်တဲ့အတွက် နူးညံ့မှု၊ စုပ်ယူနိုင်စွမ်းအား၊ အစိုဓာတ်ထိန်းပေးရုံသာမက ယိုစိမ့်မှုကိုလည်း ကာကွယ်ပေးပါတယ်။




## KIRIN

ဂျပန်နိုင်ငံမှ နာမည်ကျော် အဖျော်ယမကာ ကုမ္ပဏီကြီးတစ်ခု ဖြစ်တဲ့ KIRIN ICHIBAN မှ ထုတ်လုပ်ဖြန့်ချိလိုက်တဲ့ KIRIN ဘီယာကိုလည်း ရောင်းချလျက်ရှိသည်။ ထူးခြားကောင်းမွန်သောအနံ့နဲ့ အရသာပြည့်ဝပြီး သီးသန့်နည်းပညာနဲ့ ထုတ်လုပ်ထားသော ဘီယာဖြစ်ပါတယ်။



## AEON TOPVALU

ဂျပန်နိုင်ငံရှိ AEON ရဲ့နာမည်ကျော် အမှတ်တံဆိပ် TOPVALU ဖြစ်ပါတယ်။ နေ့စဉ် လိုအပ်တဲ့ အသုံးအဆောင်များဖြစ်တဲ့ မီးဖိုချောင်သုံးပစ္စည်းနဲ့ စားသောက်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၈၃၀ ကျော်ကို ရောင်းချနေတဲ့အပြင် ဂျပန်လူမျိုးတွေ အမြဲစားသုံးလေ့ရှိတဲ့ မပါမဖြစ် ပဲပိစပ်ပါဝင်သော အစားအစာများ၊ မီဆို ဟင်းချိုနဲ့ အသင့်စားခေါက်ဆွဲပူးတွေလည်း ရရှိနိုင်ပါတယ်။ မကြာသေးမီ နှစ်များအတွင်းက ဂျပန်စားသောက်ဖွယ်ရာတွေဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာများ ဖြစ်တယ်ဆိုတာကို လက်ခံလာခဲ့ကြပါတယ်။

## (၃) တီဗွီအစီအစဉ်တွေမှာလည်း ပါဝင်နိုင်ပါတယ်

အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တွေမှာ
mntv ကနေ ထုတ်လွှင့်နေသလို
အပတ်စဉ် စနေနေ့တိုင်း
ရိုက်ကူးရေးအစီအစဉ်တွေရှိတာကြောင့်
လာရောက်လည်ပတ်ရင်း
ကုန်ပစ္စည်းတွေကိုလည်း
ကြည့်ရှုခံစားနိုင်မှာ ဖြစ်ပါ တယ်။
ကဲ အစီအစဉ်လေးမှာ ပါဝင်ပြီး
အနုပညာရှင်တစ်ဦး ဖြစ်မလာနိုင်ဘူးလို့ မပြောနိုင်ပါဘူး။





**The JAPAN BRAND @ Aeon Orange (Waizayandar Branch)**

**54, Ground Floor, Waizayandar Shopping Center, Waizayandar Road.**
**9:00 ~ 21:00 (Open Daily)**

**MNTV** မှ ထုတ်လွှင့်သော **The JAPAN BRAND TV Program** ကြည့်ပြီး **Lucky Draw** အစီအစဉ်တွေမှာ ပါဝင်နိုင်တာကြောင့် **Facebook Page The Japan Brand** ကိုလည်း **Like** လုပ်ထားဖို့ မမေ့ပါနဲ့နော်။

မြန်မာ – ဂျပန် စီးပွားရေး သတင်းများ

# BUSINESS NEWS DIGEST




## AEON Orange ၏ ဝေဇယန္တာဆိုင်ခွဲတွင် The JAPAN BRAND အရောင်းပြခန်းသစ်ဖွင့်လှစ်

AEON Orange နှင့် MYANMAR JAPON တို့ ပူးပေါင်းကာ မြန်မာနိုင်ငံရှိ ဂျပန်အမှတ်တံဆိပ် ကုန်ပစ္စည်းများကို လူသိများလာစေရန်နှင့်ပိုမိုကျယ် ပြန့်စွာသုံးစွဲလာစေရန် ရည်ရွယ်၍ “The JAPAN BRAND @ AEON Orange” အရောင်းပြခန်းကို မေလ ၂၇ ရက်နေ့က AEON Orange ၏ ဝေဇယန္တာဆိုင်ခွဲ၌ ဖွင့်လှစ်ခဲ့သည်။

အရောင်းပြခန်းအသစ်တွင် ဂျပန်လူမျိုးများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော CALPIS Lacto၊ Genki Nepia နှင့် KIRIN ICHIBAN Beer စသည့် ကုန်ပစ္စည်းများသာမက AEON Group ၏ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြစ်သော “TOP VALUE” Series ကုန်ပစ္စည်းများပါ ခင်းကျင်းပြသ ရောင်းချ ပေးလျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်းတွင် ကုန် ပစ္စည်းများ၏ ပရိုမိုးရှင်းအစီအစဉ်များ ကျင်းပလျက် ရှိသည်။

## Sony မှ ဆက်သွယ်ရေးကုမ္ပဏီ MPT နှင့် ချိတ်ဆက်၍ အင်တာနက် Package အခမဲ့ပေးအပ်ခြင်း




မေလ ၁၁ ရက်နေ့က Sony သည် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် Xperia ၏ နောက် ဆုံးပေါ်မော်ဒယ် ပွဲဦးထွက် မိတ်ဆက်မှုနှင့်အတူ ဆက်သွယ်ရေးကုမ္ပဏီ MPT နှင့် စီးပွားရေး အကျိုးတူပူးပေါင်းမှုကို ထုတ်ပြန်ကြေညာခဲ့သည်။ Sony ထုတ် Smart Phone များကို ဝယ်ယူအားပေး သူများအား MPT ၏ Data Package ကို အခမဲ့ ပေးအပ်သွားမည်ဖြစ်ပြီး MPT အရောင်းဆိုင်များ တွင်လည်း Sony ၏ ကုန်ပစ္စည်းများကို ဝယ်ယူရရှိ နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံ အမတ်ကြီး တတ်ဲ့ရှိ ဟိဂုချိ မှ တက်ရောက်ခဲ့ပြီး “ဂျပန်နိုင်ငံကိုယ်စားပြု Sony က ဒီနေရာမှာ ကုန် ပစ္စည်းအသစ်ကို မိတ်ဆက်နိုင်တာဟာ သံရုံးအနေ နဲ့လည်း ဝမ်းသာစရာဖြစ်ပါတယ်။ အင်တာနက်ကို အသုံးပြုပြီး တစ်ယောက်ချင်းစီ သတင်းအချက် အလက်ဖလှယ်နိုင်ခြင်းဟာ ဒီမိုကရေစီရဲ့ အခြေခံ အကြောင်းတရားပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် MPT ရဲ့ မဆုတ်မနစ်တဲ့ ကြိုးစားမှုကြောင့် စမတ်ဖုန်းဈေး ကွက်ကို တစ်ဟုန်ထိုး ထိုးဖောက်လာနိုင်ခဲ့ပြီ ဖြစ်ပါ တယ်။ အဆင့်မြင့်ဝန်ဆောင်မှုတွေနဲ့ မြန်မာပြည်သူ တွေရဲ့ဘဝကို ပြည့်စုံကြွယ်ဝလာကြစေဖို့ ဆုမွန် ကောင်း တောင်းလိုက်ပါတယ်” ဟု ပြောကြားခဲ့ သည်။ Sony ထုတ် စမတ်ဖုန်းများသည် မြန်မာ ဘာသာစကားဖြင့်အသုံးပြုနိုင်သည့်အတွက် ရောင်း အားမြင့်လာနိုင်မည်ဟု ခန့်မှန်းထားကြသည်။

## မွန်ပြည်နယ် ကျိုက်ထီးရိုးတွင် မြန်မာ့ပထမဆုံး cable car တည်ဆောက်ခြင်း

ကိုရီးယားနိုင်ငံအခြေစိုက် Sky Asia သည် မွန်ပြည်နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတွင် cable car တည်ဆောက်ရေးလုပ်ငန်းကို ဇူလိုင်လ တွင် အပြီးသတ်ရန် သတ်မှတ်ထားကြောင်း ကြေ ညာခဲ့ပြီး မြန်မာ့ပထမဆုံး cable car ဖြစ်လာမည် ဖြစ်သည်။

Cable car သည် တောင်အလယ်နှင့် ကျိုက်ထီး ရိုးဆံတော်ရှင် (Golden rock) တည်ရှိရာ တောင် ထိပ်သို့ ခန့်မှန်းကြာချိန် ဆယ်မိနစ်ဖြင့် ဆက်သွယ် ပေးရန်ဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေမှာ အမေရိ ကန်ဒေါ်လာ သိန်း ၂၀၀ ဖြစ်ပြီး စက်ပစ္စည်းများမှာ ပြင်သစ်နိုင်ငံမှ တင်သွင်းထားခြင်းဖြစ်သည်။

ပရောဂျက်မန်နေဂျာဖြစ်သော မစ္စတာ Han Jung Seuk က “တည်ဆောက်ပြီးစီးမှု ရာခိုင်နှုန်းက ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ဇူလိုင်လတွင်း အပြီးသတ်ဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီနောက်ပိုင်း သုံးလကြာ စမ်းသပ်ပြေးဆွဲပြီးမှ လက်တွေ့အသုံးပြုမယ်” ဟု ပြောကြားခဲ့သည်။

## Sule Square တွင် TOKYO DINING CITY ဖွင့်လှစ်



မေလ ၂၅ ရက်နေ့က ရန်ကုန်မြို့၊ Sule Square တွင် ဂျပန်အစားအစာများကို အဓိကရောင်းချသော Food Court “Tokyo Dinning City” ၏ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ ဆိုင်အတွင်းအလှ ဆင်ခြင်းကို တာဝန်ယူဆောင်ရွက်ခဲ့သော CAFE COMPANY မှ ဥက္ကဋ္ဌ ရှုဂျိရောခုစုမိုတိုမှလည်း တက်ရောက် ဂုဏ်ပြုစကားပြောကြားခဲ့ပြီး Sojitz City Food မှ ဥက္ကဋ္ဌ ခန်းဂျိနိရှိမိုတိုမှလည်း “စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာ မိသားစုတွေအတွက် ဆုရှီပွဲ အစီအစဉ် စတာတွေ ကျင်းပသွားဖို့လည်း ရှိပါတယ်”ဟု ပြောကြားခဲ့သည်။ Tokyo Dining City Facebook Page တွင်လည်း သတင်းအချက် အလက်များကို အချိန်နှင့်တပြေးညီ အသိပေးသွား မည်ဟု သိရှိရသည်။

# HAGL မြန်မာနှင့် City Mart တို့မှ မြန်မာပလာဇာတွင် ဒုတိယပိုင်း စီမံကိန်း စတင်




ဗီယက်နမ် အိမ်ခြံမြေ Developer ဖြစ်သော HAGL (Hong Anh Gia Lai) သည် မေလ ၃၀ ရက်နေ့တွင် Myanmar Plaza အနီးတွင် ဒုတိယပရောဂျက်ကို စတင်အကောင်အထည်ဖော်ရန်နှင့် ပတ်သက်၍ စီးတီးမတ် (City Mart Holdings) နှင့် သဘောတူစာချွန်လွှာ ရေးထိုးခဲ့ကြသည်။

ဒုတိယမြောက် စီမံကိန်းတွင် ရှော့ပင်းစင်တာအပြင် Office Tower ၂ လုံး၊ Serviced Apartment ၂ လုံး (အခန်း ၃၆၀ ခန်း)၊ Residential Apartment ၃ လုံး (အခန်း ၆၇၄ ခန်း) ကို တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ပြီးစီးရန် လျာထားသည်။ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် HAGL မြန်မာ မှ ဥက္ကဋ္ဌ Mr. Cao Duy Thinh နှင့် City Mart Holdings မှ ပူးတွဲ အထွေထွေဒါရိုက်တာ (Co-CEO) ဦးစိုးမိုးသူတို့ တက်ရောက်ကြသည်။ HAGL မြန်မာမှ ဥက္ကဋ္ဌက စီမံကိန်းဧရိယာတွင် ၅ ထပ် အဆောက်အဦးတည်ဆောက်မည်ဖြစ်ပြီး စီးတီးမတ်၏ အဆင့်မြင့်စူပါမားကတ် "Ocean Super Center" နှင့် အခြားစတိုးဆိုင်များ နိုင်ငံတကာ Brand Shop များ ပါဝင်မည့်အပြင် စားသောက်တန်း၊ ဂိမ်းစင်တာ၊ ကလေးကစားကွင်း၊ ရုပ်ရှင်ရုံတို့ကို ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

စီးတီးမတ်၏ Co-CEO ဦးစိုးမိုးသူမှ "HAGL အနေနဲ့ စီးတီးမတ်ကို နည်းဗျူဟာအပိုင်း ပါတနာအဖြစ်ရွေးချယ်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ ဒီစီမံကိန်းကြီးပြီးရင် ရန်ကုန်မြို့နေပြည်သူတွေရဲ့လူနေမှုဘဝ အဆင့်အတန်းက ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော "မြန်မာပလာဇာ"၏ ပထမပိုင်းစီမံကိန်းသည် အမေရိကန်ဒေါ်လာ သန်း ၄၄၀ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

# Nittsu မှ သီလဝါတွင် ဂိုထောင်အသစ် ဖွင့်လှစ်ပွဲကျင်းပ



Nittsu Logistics Myanmar သည်ဇွန်လ ၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်ရှိ ဂိုထောင်သစ် "Thilawa Logistics Center" ဖွင့်လှစ်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဂိုထောင်ကို မြေနေရာအကျယ်အဝန်း ၅၀၅၇၅ စတုရန်းမီတာ၊ အဆောက်အဦးအကျယ်အဝန်းမှာ ခန့်မှန်းခြေ ၅၈၂၇ စတုရန်းမီတာရှိပြီး အအေးခန်းဂိုထောင်(၁၀၀၀ စတုရန်းမီတာ)၊ သွင်းကုန်ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်း အစရှိသည်တို့ကို ထိန်းသိမ်းရန်အတွက် Free Zone Warehouse များလည်း ပါရှိသည်။ ဂျပန်ရုံးချုပ်မှ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘဲ ခန်းဂျိ က "AEC ရဲ့ ပထမခြေလှမ်းကြောင့် လူ၊ ငွေ၊ ကုန်ပစ္စည်းများ စီးဆင်းလည်ပတ်မှုနှုန်းများလည်း တိုးတက်လျက်ရှိသည်။ အာဆီယံဒေသတွင်း ကုန်စည်စီးဆင်းမှုက မရှိမဖြစ်လိုအပ်လာပြီး ကျွန်တော်တို့ကုမ္ပဏီက Supply chain လမ်းကြောင်းကို ချဲ့ထွင်သွားချင်ပါတယ်"ဟု ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး တတဲ့ရှိ ဟိဂုချိ မှ "ကုန်စည်စီးဆင်းမှုက စီးပွားရေးရဲ့ အဓိကမဏ္ဍိုင်ပါ။ Nittsu က မြန်မာနိုင်ငံအတွက် ကြီးမားတဲ့အထောက်အကူဖြစ်စေဖို့မျှော်လင့်ပါတယ်" ဟုပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီ၏ဥက္ကဋ္ဌ မစ္စတာနိုဂျိရိ ဟိရိုရှိ မှ "သီလဝါမှာ ဝန်ဆောင်မှုအသစ်ကို စတင်ပေးနိုင်ခြေရှိလာပါပြီ။ နောက်ပိုင်းတွေမှာလည်း မြန်မာနိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးရေးနဲ့လုပ်ငန်းရှင်တွေအတွက်လုပ်ငန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစားသွားချင်ပါတယ်"ဟု စိတ်အားထက်သန်စွာပြောကြားခဲ့သည်။

# FUTAMI MEGA Engineering Co.,Ltd. က မြန်မာနိုင်ငံ၏ ပထမဆုံး ဇင့်ပလိပ်ပြား စက်ရုံကို တည်ဆောက်ပြီးစီး

FUTAMI MEGA Engineering က မေလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံရဲ့ပထမဆုံး ဇင့်ပလိပ်ပြား စက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ Futami MEGA Engineering Co., Ltd. (Matsudo City Chiba Prefecture) နှင့် SUPER MEGA Engineering (Yangon)တို့ အချိုးကျရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မြောက်ဘက် ၄၅ ကီလိုမီတာအကွာရှိ သံနှင့် သံမဏိစက်ရုံကို တည်ထောင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံငွေမှာ အမေရိကန်ဒေါ်လာသန်း ၁၆၀ ဖြစ်သည်။ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် ပလိပ်ပြား နည်းပညာမရှိသေးသည် အတွက်သတ္တုပစ္စည်းများ ပျက်စီးမှုများပြားပြီး၊ တိုက်ခန်းများ၊ ကွန်ဒိုများ၏ အရေးပေါ်လှေကား လက်ကိုင်စသည်တို့၏ လုံခြုံရေးကဏ္ဍပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေရှိကြောင်း ပြောကြားခဲ့သည်။



# KONOIKE TRANSPORT မှ သီလဝါတွင် ရုံးခန်းဖွင့်လှစ်

အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် ၈ ခုမြောက် ကုန်သိုလှောင်ရုံလုပ်ငန်း KONOIKE TRANSPORT ၏လက်အောက်ခံကုမ္ပဏီ KONOIKE MYANMAR သည် မေလ ၁၁ ရက်နေ့က သီလဝါအထူးစီးပွားရေးဇုန်တွင် ရုံးခန်းဖွင့်ပွဲကိုကျင်းပခဲ့သည်။ အခွန်မဆောင်ရသေးသော သွင်းကုန်များ သိုလှောင်မှု၊ ကုန်ပစ္စည်းများ ဖြန့်ဖြူးရန် လုပ်ဆောင်မှုများ လုပ်ဆောင်နိုင်ပြီး နောင်တွင်လည်း SEZ အတွင်းရှိ တိုးပွားလာမည့် ကုန်ပစ္စည်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကုမ္ပဏီ၏ကိုယ်စားလှယ် ဒါရိုက်တာ တာနာကာ တိုမိုယုခိမှ "မြန်မာနိုင်ငံက အရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်လာပေမဲ့လည်း ပြုပြင်စရာများ ရှိနေပါသေးတယ်။ ကျေးဇူးရှိတဲ့ မြန်မာနိုင်ငံကို ကျေးဇူးပြန်ဆပ်နိုင်ဖို့ ကြိုးစားချင်ပါတယ်"ဟု ၎င်း၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဧပြီလတွင် တည်ဆောက်ပြီးစီးခဲ့သော ကုန်လှောင်ရုံသည် အာဆီယံ၏ ၈ ခုမြောက် ကုန်လှောင်ရုံ ဖြစ်လာသည်။ ကုန်သိုလှောင်ရုံတည်ရှိရာ ပရဝုဏ်ဧရိယာသည် ၁၆၅၀၀ စတုရန်းမီတာရှိပြီး ကြမ်းခင်းဧရိယာမှာ ခန့်မှန်းခြေ ၃၃၀၀ စတုရန်း မီတာရှိသည်။



# Raifujin နင်ဂျာအဖွဲ့ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ဖျော်ဖြေပွဲကျင်းပ

Japan Culture House နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းပြီး "Raifujin" နင်ဂျာ အဖွဲ့ ကို ဂျပန်နိုင်ငံမှ ဖိတ်ခေါ်၍ ဖျော်ဖြေပွဲကျင်းပခဲ့ရာ အားပေးသူများဖြင့် စည်ကားခဲ့သည်။ "Raifujin" နင်ဂျာအဖွဲ့သည် နင်ဂျာပညာရပ်များနှင့် ယနေ့ခေတ်၏ လက်တွေ့ကျသောတိုက်ခိုက်စွမ်းရည်များကို ပေါင်းစပ်ထားသော နင်ဂျာအဖွဲ့ဖြစ်ပါသည်။ မေလ ၂၁ ရက်နေ့ တွင်ကျင်းပသော ရန်ကုန်မြို့ ဖျော်ဖြေပွဲတွင် ခန့်မှန်းခြေ ၁၀၀၀ ဦးခန့်နှင့် ၂၃



ရက်နေ့ မန္တလေးမြို့ဖျော်ဖြေပွဲတွင် ခန့်မှန်းခြေ ၁၂၀၀ ဦးခန့် လာရောက်ကြည့်ရှုခဲ့ကြသည်။ ဆွဲဆောင်မှုအပြည့်ရှိသော နင်ဂျာတိုက်ကွက်များဖြင့် ဖျော်ဖြေပွဲသည် အားပေးသံ၊ လက်ခုပ်သံများဖြင့် လွှမ်းခြုံခဲ့သည်။ နင်ဂျာဖျော်ဖြေပွဲ ပြီးဆုံးသည့်နောက် Cosplay ပြိုင်ပွဲကို ကျင်းပပြုလုပ်ကာ ပါဝင်ယှဉ်ပြိုင်သူများသည် ကိုယ်ပိုင်ဝတ်စုံများဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရှိရသည်။

# Sumitomo Coporation Asia & Oceania Pte.Ltd မှ မူလတန်းကျောင်း ၃ ကျောင်းကို ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း

မေလ ၃၀ ရက်နေ့က Sumitomo Coporation Asia & Oceania Pte.Ltd ရန်ကုန်ရုံးချုပ်မှ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ မူလတန်းကျောင်း ၃ ကျောင်းသို့ သွားရောက်ကာ ကျောင်းသားကျောင်းသူ အယောက် ၂၀၀ ခန့်အား အဝတ်အထည်၊ ထီး၊ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာပစ္စည်း စသည့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထိုကဲ့သို့လုပ်ဆောင်မှုသည် ၂၀၀၅ ခုနှစ် မှ စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ဤဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံခဲ့သည့် Sumitomo Coporation မှ ဝန်ထမ်းများနှင့် ဂျပန်မှတာဝန်ဖြင့် ရောက်ရှိလာသူများက အကူတကွ ထောက်ပံ့ငွေများကို လှူဒါန်းမှုဖြင့် စတင်ခဲ့ပြီးနောက် နောက်ပိုင်းတွင်ရန်ကုန်ရုံးခွဲမှ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပညာဆက်လက်သင်ကြားရန်အခက်အခဲရှိသော ကျောင်းသားကျောင်းသူများ ပညာဆက်လက်သင်ကြား နိုင်ပြီး၊ ထူးချွန်ကျောင်းသား ရွေးချယ်ခြင်းများဖြင့်လည်း အတန်းပညာသင်ကြားမှုအတွက် အင်အားတစ်ရပ်ဖြစ်စေပါသည်။

ရန်ကုန်ရုံးခွဲ မန်နေဂျာ နာကာဝ ခစုဂျိ သည် ဒေသခံများ၏ကြိုဆိုမှုကြောင့် မယိမ်းမယိုင် တည်



တံ့မှုအတွက် ကျေးဇူးတင်ကြောင်း၊ စဉ်ဆက်မပြတ်သောလုပ်ဆောင်မှုဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နောင်တွင်လည်း ဒေသခံအဖွဲ့အစည်းကို ထောက်ပံ့ကူညီမှု အပြည့်အဝ ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။



# FMI Air
www.fmiair.com

Myanmar's Premium Service Airline




**Our Destinations**

- Yangon
- Nay Pyi Taw
- Nyaung U
- Thandwe
- Mandalay
- Sittwe
- Heho
- Myitkyina
- Kawthaung

**FMI Air Head Office**
FMI Centre, Level 9, Room (904,905), 380 Bogyoke Aung San Road, Pebedan Township, Yangon, Myanmar.
Contact : 01 373537, 248061-63 | Hotline : 09 421146545 | Email : reservations@fmiair.com, sales@fmiair.com


## Upcoming Shows and Exhibitions

※ Exhibition schedule and appointments may be change without notice Listings, postponement.
For more information, please check with the organizers and related sites, etc..

Tatmadaw Hall MAP P.28-C2 PARKROYAL MAP P.28-D2 MCC MAP P.26-B2

| Date | Detail |
|---|---|
| July 5~7 | **Myanmar Phar-Med Expo 2017**<br>Rose Garden Hotel |
| July 6~7 | **15th ASEAN Ports and Shipping 2017**<br>Sule Shangri-La<br>Transport Events Management Limited. |
| July 14~17 | **Myanmar International Agriculture & Food Industrial Exhibition**<br>Myanmar Event Park<br>Yorkers Trade & Marketing Service Co. Ltd. |
| August 3~5 | **Electric Myanmar 2017**<br>NOVOTEL YANGON MAX<br>Fireworks Myanmar (Part of Fireworks Trade Media Group) |
| August 16~18 | **Builders Myanmar 2017**<br>Tatmadaw Hall<br>Fireworks Myanmar |
| Aug 17~19 | **Myanmar Franchise Expo and Conference 2017**<br>Rose Garden Hotel Ballroom, Yangon.<br>www.myanmarfranchise.org |
| Aug 17~19 | **Myanmar FoodBev**<br>Tatmadaw Hall<br>ICVeX Company Limited |


# ATAD STEEL STRUCTURE CO.,LTD
ATAD Partnership Success

The leading Steel Structure company in Vietnam and Southeast Asia

**1000+** Number of Employees
**25+** Countries have projects
**2500+** Number of buildings

Complete process of high-quality steel structure and pre-engineered steel buildings


Design


Fabrication


Erection


High-rise building


Matsunaga Factory - Thilawa SEZ


Kubota Factory - Thilawa SEZ


Ajinomoto Factory - Thilawa SEZ


Nippon Express Myanmar - Thilawa SEZ


Fujiflim Factory - Thilawa SEZ


Myamak Factory - Thilawa SEZ

**CONTACT US FOR YOUR FUTURE PROJECTS!**

**Address:** B302 Pearl Condominium, Kabar Aye PagodaRoad, Bahan Township, Yangon, Myanmar
**Tel:** (+95-1) 1 222 573 **Hotline:** (+95-9) 422 195 067 - Mr. Than Nay Oo, Sales Manager

QUALITY MANAGEMENT CERTIFICATE **ISO 9001:2008**
ENVIRONMENT MANAGEMENT CERTIFICATE **ISO 14001:2004**
CERTIFICATE ON HEALTH AND SAFETY SYSTEM **OHSAS 18001:2007**
ATAD IS A MEMBER OF **U.S. GREEN BUILDING COUNCIL**

VIETNAM - THAILAND - **MYANMAR** - PHILIPPINES - LAOS - INDONESIA - CAMBODIA - AUSTRALIA
sales@atad.vn www.atad.com.vn /atadsteelstructure

*For Business News in Myanmar. There is always ...*

# MYANMAR INSIDER

*Myanmar's First*
*English-Language Business Journal*

**Established Since 2013**

Show your achievement in Asia and in Myanmar. Showcase your products and services to expats and English- speaking high spenders. In Premium Restauants, Cafe's, Bars, Hotels, Airlines, Super Market, Embassies and Top Companies.










| Our Circulation : | 18,000 copics per month. |
|---|---|

Contact us at :

09 996 870 3200, 09 445 419 116, (+95) 1 376 901, 252573, 1221615

enquiry@myanmarinsider.com

375, Bogyoke Aung San Road, Penthouse, IMA Building, Pabedan, Yangon
www.myanmarinsider.com


ジーニアスのオーガニックコーヒーをミャンマーと海外の店舗で。
Genius Certified Organic Coffee available in Myanmar and selected outlets overseas.
Rich, organic and sustainable
NOW AVAILABLE AT
GO GREEN MYANMAR
Nat Mauk Street, Myaybadaythar Garden, Yangon
NATURAL GARDEN CAMBODIA
#213 street 63, BKK1, Phnom Penh
SUSTAINA ORGANIC SHOP THAILAND
1/40 Soi Sukhumvit 39 Sukhumvit Road, Bangkok
Genius®
CERTIFIED
ORGANIC COFFEE
PEABERRY . WHOLE BEAN . FINE GROUND
Certified Organic by Control Union
CU 847155
Certified Organic PGS by MOGPA
USDA ORGANIC
PGS
MYANMAR ORGANIC
MM-BIO-149
MYANMAR AGRICULTURE
Lot Number : LKC-160901B
Rich, organic and sustainable
Genius
CERTIFIED
ORGANIC COFFEE
Aung Nay Lin Htun Co., Ltd.


APQ Asia Power Quality
Electric Co., Ltd.
ABB
Authorized Distributor
OUR SERVICES
▪ Engineering & Design
▪ Installatation, Testing & Commissioning
▪ Turnkey Solution
▪ After Sales Services
SF6 Gas Circuit Breaker
Pole mounted SF6 Load Break Switch
(Sectionalizer)
Vacuum Cast Coil dry type transformers
Air Insulated Primary Switchgear
(UniGear ZS1,ZS2)
Gas-insulated Primary Switchgear
(UniGear ZX0,ZX1.2,ZX2)
Gas Insulated Ring Main Unit
(Safe Link)
Gas-insulated Secondary Switchgear
(SafePlus)
No.501, Pyay Road, Kamaryut Township, Yangon, Myanmar.
Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com, www.apq-electric.com

# ဂျပန်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသော MYANMAR JAPON BUSINESS မဂ္ဂဇင်း (၄)နှစ်ပြည့်အထိမ်းအမှတ် Lucky Draw အစီအစဉ်

## KIRIN

KIRIN ICHIBAN ဘီယာသံဗူး (၂၄)ဗူးပါ (၁)ပါကင်နှင့် Imabari Towel Set × (၄)ဦးစာ

ဂျပန်လူမျိုးများကြား လူကြိုက်များသည့် KIRIN ICHIBAN ဘီယာနှင့် KIRIN ICHIBAN Logo အမှတ်တံဆိပ်ပါ အရည်အသွေးကောင်း မွန်သော Imabari Towel Set




## Asahi Loi Hein

CALPIS Lacto ဒိန်ချဉ်ဗူး (၃၀)ဗူး × (၄)ဦးစာ
Honey Gold အချိုရည်ဗူး (၂၄)ဗူး × (၅)ဦးစာ

စတင်ရောင်းချချိန်မှစ၍ လူကြိုက်များသည့် CALPIS Lacto ဒိန်ချဉ်နှင့် Asahi Loi Hein မှ အသစ်ထုတ်လုပ်ဖြန့်ချိလိုက်သော အားဖြည့်အချိုရည် Honey Gold




## BUSHIDO ဂျပန်စားသောက်ဆိုင်

ကျပ် (၄၀၀၀၀)တန် စားသောက်ခွင့် လက်မှတ် (၅)စောင်

အရသာ တစ်မူထူးခြား ကောင်းမွန်ပြီး ဂျပန်စတိုင် အရသာစစ်စစ်ကို ခံစားနိုင်မည့် BUSHIDO ဂျပန်စားသောက်ဆိုင်



## SONY

Headphone
MDR-XB250 (၄)ခု

ဂျပန်နိုင်ငံ၏ နာမည်ကျော် အမှတ်တံဆိပ် SONY ရဲ့ ကြည်လင်ပြတ်သားသောအသံ၊ အမိုက်စားဒီဇိုင်းဖြင့် Headphone



## MDG

POCARI SWEAT
500 ml (၂၄)ဗူး × (၄)ဦးစာ

ချွေးထွက်များသူများ၊ အားကစားသမားများအတွက် မရှိမဖြစ်လိုအပ်သော ရေဓာတ်ဖြည့် အချိုရည်




## Chatrium Hotel

KOHAKU ဂျပန်စားသောက်ဆိုင် ဒေါ်လာ(၄၀)တန် Deluxe Buffet Dinner စားသောက်ခွင့်လက်မှတ် (၂)စောင်

ဂျပန်စတိုင်အရသာစစ်စစ်ကို သုံးဆောင်နိုင်မည့်အပြင် ခံညားထည်ဝါတဲ့ အငွေ့အသက်ကို ခံစားနိုင်မည့် KOHAKU ဂျပန် စားသောက်ဆိုင်



## NOVOTEL YANGON MAX

Le Cellier စားသောက်ဆိုင်၌ (၄၅)ဒေါ်လာ တန်ဖိုးရှိ (၂)ဦးစာ စားသောက်ခွင့်လက်မှတ် × (၂)စောင်

နိုင်ငံတကာစားသောက်ဆိုင် များစွာ တည်ရှိသည့် NOVOTEL YANGON MAX အတွင်းရှိ Roof Top Restaurant




## UCHINO Bath Designs

ရေချိုးခန်းသုံး ခြေသုတ်ပဝါ (၁)ခု
သန့်စင်ခန်းသုံးခြေသုတ်ပဝါ (၁)ခု

နူးညံ့ကောင်းမွန်သည့် ကုန်ကြမ်း များဖြင့် ပြုလုပ်ထားပြီး အရောင်အသွေးစုံလင်သော ဂျပန်အမှတ်တံဆိပ် UCHINO



## စည်းကမ်းချက်များ

MYANMAR JAPON မှ အပတ်စဉ် နောက်ဆုံးရသတင်းများကို အီးမေးလ်ဖြင့် ပေးပို့လျက်ရှိပြီး ထို "Free News Mail" မှာ စာရင်းဝင်ပါ။ ကံစမ်းမဲပေါက်သူများအား အီးမေးလ်ဖြင့် အကြောင်းကြား ဆက်သွယ်မည်ဖြစ်ပါသည်။ ယခင်ကတည်းက စာရင်းသွင်းပြီးသား အီးမေးလ်လိပ်စာရှင်များလည်း အကျုံးဝင်ပါသည်။

လူကြီးမင်းတို့၏ အစဉ်တစိုက် ဖတ်ရှုအားပေးမှုကြောင့် ဂျပန်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသော MYANMAR JAPON စီးပွားရေးမဂ္ဂဇင်းသည် ဇူလိုင်လထုတ်၌ (၄)နှစ် ပြည့်သွားပြီဖြစ်ပါသည်။ ကျွန်တော်တို့မဂ္ဂဇင်းအား စဉ်ဆက်မပြတ် ဖတ်ရှုအားပေးမှုအား ကျေးဇူးတုံ့ပြန်သောအားဖြင့် (၄)နှစ်ပြည့် Lucky Draw အစီအစဉ် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လ (၂၀)ရက်နေ့အထိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ စာဖတ်ပရိသတ်များအားလုံး ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## Nagomi

ကျပ် ၆၀၀၀၀ တန် ဂျပန် နည်းပညာ အကြောပြင်အနှိပ် အသုံးပြုခွင့်လက်မှတ် (၄)စောင်



မျက်မမြင် အကြောပြင်ပညာရှင်များ၏ အနှိပ်ပညာကျွမ်းကျင်မှုကြောင့် လူကြိုက်များသည့် Nagomi အိမ်တိုင်ရာရောက် ဝန်ဆောင်မှုလည်း ပေးလျက်ရှိပါသည်။

## SPRINGFIELD

SPRINGFIELD

ကျပ် (၅၀၀၀၀)တန် ဈေးဝယ်ခွင့်လက်မှတ်(၂)စောင်
ကျပ် (၃၀၀၀၀)တန် ဈေးဝယ်ခွင့်လက်မှတ်(၃)စောင်




နေ့စဉ် ထသွားထလာ ပေါ့ပေါ့ပါးပါး ဝတ်ဆင်နိုင်သော Europe Brand SPRINGFIELD Junction City တွင် ဆိုင်ခွဲအား ထပ်မံ တိုးချဲ့ဖွင့်လှစ်ထားသည်။

## TRAINING GROUND

(၄၅)ဒေါ်လာတန် အားကစားခန်းမ (၃)ကြိမ် အသုံးပြုခွင့် လက်မှတ် (၁၀)စောင်



မြို့ထဲပိုင်း၌ တည်ရှိသည့် အဆင့်မြင့် အားကစားခန်းမ။ Zumba Dance နှင့် Boxing Exercise စတဲ့ လေ့ကျင့်ခန်းများသည် လူကြိုက်များပါသည်။

## Jasmine Palace Hotel

Jasmine Garden Restaurant ၌ ကျပ် (၅၀၀၀၀)တန် (၂)ဦးစာ စားသောက်ခွင့်လက်မှတ်(၂)စောင်



စမ်းချောင်းမြို့နယ်ရှိ ခေတ်မီ အဆင့်မြင့်ဟိုတယ်။ Jasmine Garden Restaurant မှာ ကျယ်ဝန်းသော နေရာထိုင်ခင်း ရှိသည့်အတွက် ကုမ္ပဏီပွဲများ၊ မွေးနေ့ပွဲများ၊ ပါတီများ ကျင်းပရန် အထူး သင့်လျော်သည်။

## Sedona Hotel

D'CUISINE SEDONA

နေ့လယ်စာဘူဖေး (သို့) ညစာဘူဖေး စားသောက်ခွင့် လက်မှတ် (၅)ဦးစာ



ကြယ်ငါးပွင့်အဆင့်ရှိ ဆီဒိုးနားဟိုတယ်၌ steak ၊ ဆူရှီ အစရှိတဲ့ အမျိုးအစားစုံလင်သော စားသောက်ဖွယ်ရာများအား ဘူဖေး စားသုံးခွင့်။

## Takumiya

ဒေါ်လာ (၄၀)တန် စားသောက်ခွင့်လက်မှတ် (၁၀)စောင်



Novotel Yangon Max ဟိုတယ်အတွင်း ဖွင့်လှစ်ထားသည့် အဆင့်မြင့် ဂျပန်စားသောက်ဆိုင်။ နူးညံ့ကောင်းမွန်သော ဂျပန် အမဲသားကင်နှင့် Shabu Shabu

## Vintage Luxury Yacht Hotel

ဟိုတယ်၌ (၂)ဦးစာ တစ်ညတာ တည်းခိုခွင့် နှင့် စားသောက်ခွင့် လက်မှတ်(၁)စောင်





၁၉၀၀ ပြည့်နှစ်ကို ပြန်လည်ရောက်ရှိသွားသလိုမျိုး ခံစားရမည်ဖြစ်ပြီး ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောပေါ် ရောက်ရှိသွား သလိုမျိုး ထူးခြားဆန်းကြယ်စွာ ခံစားရမည်ဖြစ်ပါသည်။

## Rose Garden Hotel

ROSE GARDEN HOTEL

ဒေါ်လာ (၂၀)တန် ရေကူးကန်အသုံးပြုခွင့်နှင့် စားသောက်ခွင့်လက်မှတ် (၅)စောင်



Rose Garden Hotel ရှိ စားသောက်ဆိုင်တွင် ဒေါ်လာ (၁၀)တန် စားသောက်ခွင့်လက်မှတ် ဒေါ်လာ(၁၀)တန် ရေကူးကန် အသုံးပြုခွင့်လက်မှတ်များကို (၅)ဦးစာ ပေးအပ်သွားမည်ဖြစ်ပါသည်။

**WEBSITE: http://myanmarjapon.com/mail.html**

လက်ဆောင်ပစ္စည်းများကို Sakura Tower (၅)လွှာရှိ MYANMAR JAPON ရုံးခန်း၌ လာရောက်ထုတ်ယူနိုင်ပါသည်။


USEFUL! MyanJapo MAP
Yangon (Rangoon)
©MYANMAR JAPON CO., LTD.
This MAP is copyrighted and may be reprinted and/or reproduced by permission only.
To request permission to reprint MAP from this publication, Please contact us.
Map Symbol
Hotel
Japanese Foods
Myanmar Foods
Korean house
Other cuising
Cafe
Night spot
Shopping
SPA・Massage
Sports facility
Golf/Driving Range
Leisure
Pagoda・Monastry
Sighseeing
Office
Mansion
Bank・Exchange
Hospital
Embassy
Public Institution
The Post Bureau
School
Attention area
B2 8 (Eight) miles
C6 Kandore
C.D5 Kyauk Myaung
B5 Myay Ni Gone
B4 Hle Dan
North Dagon
North Okkalapa
South Okkalapa
Mingalardon
Insein
Mayangone
Hlaing
Yan Kin
Thamine
Okkyin
Yangon International Airport
Terminal(1)
City Golf Club & Golf Course
Golden Hil Garden
Myanmar Golf Course
Okkala Golf Course
Military Golf Course
Yangon Technological University
Victoria Hospital
Leo Medicare
MCC
Pyay Rd
Yangon Airport Rd
Insein Rd
Bayint Naung Rd
Thudamar Rd
Kabar Aye Pagoda Rd
Parami Rd
Wai Za Yan Tar Rd
Tha Mine Station Rd
Baho Rd
Khay Mar Thi Rd
Radio Yone Rd
U Wisara Rd
Insein Station
Gyo Gone Station
Tha Mine Station
Okkyin Station
Thiri Myaing station
Kamayut Station
Parami Station
Kanbe Station
Tadalay Station
Yay Kuu Station
Kyauk Yae Twin Station
Pa Ywet Seik Kone Station
North Okkalapa
Ywar Ma Station
Insein Prison
Insein Hospital
Insein Bazaar
Insein Park
Railway Soccer Ground
GSR MWD Bank
Co-operative Bank
Ariking Ngar Sint Pagoda
Saw Bwa Gyi Gone Market
Thai Myaing-
CHENG SA CHORONG
KFC
Burger King
YAMAGOYA
Raman
Myanmar Life Hotel
Saw Pyi Hotel
North Okkalapa General Hospital
La Kabar Hospital
High Five Hotel
Aeon Orange Super Market
Kyauk Yae Twin Market
Meilamu Pagoda
Nagaryon Pagoda
Naga Cave Pagoda
Swal Taw Pagoda
Anyawuntha
GREEN MILE
OCEAN North Point
TENGU CONCRETE
Private Hospital
Bo Min Yong Market
U Wisara Housing
Nat See Sein(1)
Hikari
Yay Kuu Amplified Broadcast Station
FRIENDSHIP
Kabar Aye International Clinic
Samitivej International Clinic
Golden Duck (2)
Golden Duck
Junction 8
Junction Kaung Thant
The Loft House
Hotel Yangon
Avenue 64 Hotel
Lotteria
HAN KANG
City Mart
NAGASAKI TEI
Hotel 7 Mile
Hub Hotel
CAFE DEL SeOUL
Korea Pavilion
The One Bar
FISH & CO
Parami Pizza (1)
American Club
The State Pariyatti Sasana University Yangon
Myanmar Gems Museum
Kabar Aye Pagoda
Gandamar Wholesale
REAL COMRORT SPA
Gamone Pwint
Lotteria
DEZAKI
SEOUL
Aeon Orange Super Market
El Chaw Shwe Sin
Nandawin Market
Okkalapa Pagoda
MIYAKO
Than Thu Mar Rd
Aeon Orange Super Market
Genius Coffee Factory
South Okkalapa Women and Children Hospital
Stadium
Bestcom
SHIRO
House of Japan
MARUTARO(1)
Samitivej Parmi International Clinic
JMD
Parami Hospital
Jeff's Kitchen
SOS Clinic
Chew Q
L'OPERA(1)
L'OPERA(2)
SHAKARIKI 432"
Yunan Barbecue
Super Hotel
MiCasa Hotel
Myanmar International School in Yangon
Inya Lake Hotel
DINNING FUKUROU
Market Place
YUKI Japanese Restaurant
MJBC
MICT-Park
Yangon University Hlaing Campus
Myanmar Economic Bank
Yangon Football Club
Shwe Hintha Market
LITTLE TOKYO
Star Internet
The British School Yangon
BIZ GOLF TRAINING CENTER
Lion House Station
Police
Army Texile Factory
Hlaing Bazaar
NaWaRat Concorde
